**နည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေး နှင့် လေ့ကျင့်ရေးဥပဒေ  (မူကြမ်း) (စက်တင်ဘာ ၂၀၁၇)**
**အပေါ် သုံးသပ်ချက်**

ဒေါက်တာသိန်းလွင် (NNER)

နည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေး နှင့် လေ့ကျင့်ရေးဥပဒေ  (မူကြမ်း) မှာ ကျောင်း ကူးပြောင်းခွင့်နဲ့ တက္ကသိုလ်အထိ ဆက်လက်ပညာဆည်းပူးခွင့်တွေကတော့ တိုးတက်လာပါတယ်။

ဒါပေမဲ့ အစိုးရရဲ့ မသင်မနေရ ပညာရေးစနစ်က မူလတန်း အထိဘဲသတ်မှတ်ထားတာမို့ အသက်မွေးဝမ်းကြောင်း ကျောင်းတွေမှာလည်း မူလတန်းအဆင့်နဲ့ တက်ရမဲ့ ကျောင်းဆိုတာတွေ ပါလာပါတယ်။

NNEER ရဲ့မူဝါဒမှာ ပါဝင်တဲ့အတိုင်း ကျနော် အကြံပြုချင်တာကတော့ မသင်မနေရ compulsory ကို ၉ တန်း အထိထားပြီး။ ၁၀၊ ၁၁၊ ၁၂ မှာ လမ်းကြောင်း ၂ ခုခွဲ၊ Academic နဲ့ Vocational လမ်း ၂ ခု ကြိုက်ရာရွေး၊ ပညာ အဆင့်အတန်းက အတူတူဘဲ။ နှစ်လမ်း လုံး တက္ကသိုလ် သွားလို့ရတယ်။

ကျနော်တို့ ဖိလစ်ပိုင် ပညာရေးဌာန သွားလေ့လာတော့ NNER ရဲ့မူဝါနဲ့ ဆင်တူတဲ့ Academic နဲ့ Vocational ကို အထက်တန်းအဆင့်မှာ လမ်းကြောင်းခွဲတာ နမူနာ ရှိပါတယ်။ သူတို့ဆီမှာ အားကစားနဲ့ အနုပညာကိုပါ အထက်တန်း (upper secondary) ကတည်းက လမ်းခွဲလို့ရပါတယ်။